ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
**Chaung U People's Defence Force - CHUPDF**
တိုက်ပွဲသတင်း (၁၉/၂၀၂၁) ထုတ်ပြန်ချက်ကြေညာခြင်း

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်

၁။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့ ည ၁၂ နာရီခန့် အချိန်၌ ကနီမြို့နယ်၊ အင်းလယ်ချောင်းရွာအနီး မြစ်လယ်တွင် သောင်တင်နေသော အကြမ်းဖက်စစ်ကောင်စီ ရေယာဉ်အုပ်စုကို ညီနောင် မဟာမိတ်များ ဖြစ်သော ချောင်းဦးမြို့နယ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (CHUPDF)၊ မုံရွာမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (MPDF)၊ ကနီမြို့နယ်ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ - ကျောက်လုံးကြီး (KLG PDF)၊ Golden Triangle Force နှင့် DRPA အစရှိသော အဖွဲ့များ ပူးပေါင်း၍ တိုက်ခိုက်ခဲ့ကြပါသည်။

၂။ စကစလက်နက်ကိုင်များ အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ကူနေချိန် ဖောင်ပေါ် မိုင်းတင်ကာ အကြမ်းဖက် စစ်ကောင်စီ အုပ်စုနား အရောက်တွင် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယခုတိုက်ခိုက်မှုကြောင့် အကြမ်းဖက်စစ်ကောင်စီ လက်နက်ကိုင် (၁၀) ကောင်ထက်မနည်းသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများပြားကြောင်း သိရှိရသည်။

ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

ဆက်သွယ်ရန် -
Telegram/ @phoenix161993
https://www.facebook.com/Chaung-U-Peoples-Defence-Force-107349341527031/
chupdf2021@gmail.com